ビルマ語

# စားဝတ်နေရေး ပုံစံသစ် လုပ်ဆောင်နည်း

အစိုးရက ထုတ်ပြန်လိုက်တဲ့ "စားဝတ်နေရေး ပုံစံသစ် လုပ်ဆောင်နည်း" နဲ့ ပတ်သက်ပြီး စုစည်းတင်ပြလိုက်ပါတယ်။

ကိုရိုနာဗိုင်းရပ်စ် အမျိုးအစားသစ်ရဲ့ ရောဂါ ပျံ့နှံ့မှုမဖြစ်စေဖို့ နေ့စဉ် သွားလာနေထိုင်ရာမှာ ဘယ်လို အချက်တွေကို သတိထားသင့်သလဲဆိုတာ ရေးထားပါတယ်။

ရောဂါ မဖြစ်ပွားစေဖို့/ တခြားလူတွေကို မကူးစက်စေဖို့ အထောက်အကူအဖြစ် အသုံးပြုကြပါ။

(※နောက်ပိုင်းမှာ အနေအထားအလိုက် အကြောင်းအရာတွေ ပြောင်းလဲတာလည်း ရှိနိုင်ပါတယ်။)

## (၁) ကူးစက်မှုတားဆီးရေးအတွက် အရေးပါသောအချက်များ



(က) တခြားလူအနား မကပ်ပါနဲ့။ (၂ မီတာ ခွာပါ)



(ခ ) ပါးစပ်နဲ့ နှာခေါင်းစည်း တပ်ပါ။ (ရောဂါဖြစ်မနေလည်း တပ်ပါ)



※ပူအိုက်တဲ့အချိန်မှာ အပူလျှပ်တာ မဖြစ်စေဖို့ ပါးစပ်နဲ့ နှာခေါင်းစည်းကို ဖြုတ်ပါ။ (အပြင်ဘက်မှာ လူတွေနဲ့ နီးကပ်မနေတဲ့အခါ)


新型コロナウイルス感染下における
外国にルーツがある人々への支援活動応援助成
三菱財団 × 中央共同募金会

原稿作成・翻訳：NPO 法人 多言語センターFACIL
https://tcc117.jp/facil/
FACIL



(ဂ ) အိမ်ပြန်ရောက်တာနဲ့ ချက်ချင်း လက်ဆေး၊ မျက်နှာသစ်ပါ။
(လက်ကို ဆပ်ပြာသုံးပြီး စက္ကန့် ၃၀ လောက် အချိန်ယူဆေးပါ)



(ဃ) ချောင်းဆိုးချိန် ကျင့်ဝတ်ကို လိုက်နာပါ။

※ချောင်းဆိုးချိန် ကျင့်ဝတ် - ချောင်းဆိုး၊ နှာချေတဲ့အခါမှာ ပါးစပ်နဲ့ နှာခေါင်းစည်း၊ လက်ကိုင်ပုဝါ/တစ်ရှူး၊ အင်္ကျီလက်ဖျားတွေနဲ့ ပါးစပ်နဲ့ နှာခေါင်းကို အုပ်ပါ။



(င ) လေအဝင်အထွက် ကောင်းကောင်းရှိအောင် လုပ်ပေးပါ။

※လေအေးပေးစက် အသုံးပြုနေတဲ့အချိန်မှာလည်း ရံဖန်ရံခါ ပြင်ပ လေအဝင်အထွက် ရှိအောင် လုပ်ပေးပါ။



(စ ) အောက်ပါ အနေအထား ၃ မျိုး တစ်ပြိုင်တည်း ဖြစ်ပေါ်တဲ့ နေရာကို မသွားပါနဲ့။

✧ လူတွေ အများအပြား ရှိတယ်။

✧ လူတွေနဲ့ အကွာအဝေး နီးတယ်။

✧ လေအဝင်အထွက် ရှိအောင် လုပ်လို့ မရဘူး။

新型コロナウイルス感染下における
外国にルーツがある人々への支援活動応援助成
三菱財団 × 中央共同募金会

原稿作成・翻訳：NPO 法人 多言語センターFACIL
https://tcc117.jp/facil/
FACIL

# (၂) အပြင်ထွက်ချိန်မှာ ဂရုစိုက်ရန်အချက်များ

✧ နေထိုင်မကောင်းချိန်မှာ အပြင်မထွက်ပါနဲ့။

✧ မိမိနေထိုင်တဲ့ ရပ်ရွာမှာ ကိုရိုနာဗိုင်းရပ်စ် အမျိုးအစားသစ်ရဲ့ရောဂါ ကူးစက်ပြန့်ပွားနေချိန်မှာ ဝေးလံတဲ့နေရာကို မသွားပါနဲ့။

✧ ကိုရိုနာဗိုင်းရပ်စ် အမျိုးအစားသစ်ရဲ့ရောဂါ ကူးစက်ပြန့်ပွားနေတဲ့ ရပ်ရွာကို မသွားပါနဲ့။

✧ ဘယ်သူနဲ့၊ ဘယ်နေရာမှာ တွေ့ခဲ့သလဲ မှတ်သားထားပါ။ (ကူးစက်မှု ဖြစ်တဲ့အခါ အကြောင်းရင်းကို သိနိုင်ဖို့)

✧ "ထိတွေ့မှု အတည်ပြု အပလီကေးရှင်း (COCOA) " ကို သုံးပါ။ (ကိုရိုနာဗိုင်းရပ်စ် အမျိုးအစားသစ်ရဲ့ရောဂါ ဖြစ်လာတဲ့သူနဲ့ အနီးမှာ ရှိနေခဲ့သလားဆိုတာ သိနိုင်ပါတယ်။)

# (၃) ဒီလိုအချိန်မှာ ဘယ်လိုလုပ်မလဲ။

## ဈေးဝယ်တဲ့အခါ

✧ တစ်ယောက် (သို့) နှစ်ယောက်တည်း ဈေးဆိုင်ကို သွားပါ။ လူနည်းတဲ့အချိန်မှာ သွားပါ။

✧ ငွေသားနဲ့ မဟုတ်ဘဲ e-money ကို သုံးပါ။

✧ ဈေးဆိုင်ကို မသွားခင် ဘာဝယ်မလဲ ကြိုတင်ဆုံးဖြတ်ပါ။ ဝယ်ပြီးတာနဲ့ အိမ်ပြန်ပါ။

✧ ရောင်းတဲ့နေရာက ပစ္စည်းတွေကို တတ်နိုင်သမျှ မကိုင်ပါနဲ့။

✧ ငွေချေစက်မှာ တန်းစီတဲ့အခါ အရှေ့ကလူနဲ့ ခွာနေပါ။

✧ အင်တာနက်ကနေ ဈေးဝယ်တာကို အသုံးပြုပါ။

新型コロナウイルス感染下における
外国にルーツがある人々への支援活動応援助成
三菱財団 × 中央共同募金会

原稿作成・翻訳：NPO 法人 多言語センターFACIL
https://tcc117.jp/facil/
FACIL

## ဆော့ကစားတဲ့အခါ၊ အားကစားလုပ်တဲ့အခါ

✧ လူနည်းတဲ့အချိန်မှာ ပန်းခြံကိုသွားပါ။ လူနည်းတဲ့ နေရာကို အသုံးပြုပါ။

✧ တစ်ယောက် (သို့) နှစ်ယောက်တည်း ကာယလေ့ကျင့် ပြေးတာ လုပ်ပါ။

✧ တခြားသူတွေရဲ့ဘေးကို ဖြတ်သွားချိန်မှာ သူနဲ့ ဝေးဝေးခွာပါ။

✧ စားသောက်ဆိုင်တွေကို သွားချိန်မှာ ကြိုတင်စာရင်းပေးပါ။

✧ အချိန်အကြာကြီး အခန်းကျဉ်းထဲမှာ မနေပါနဲ့။

✧ ဗီဒီယိုကြည့်ပြီး အိမ်မှာ ကာယလေ့ကျင့်ပါ။

✧ သီချင်းဆိုချိန်၊ ဟစ်ကြွေးအားပေးချိန်မှာ လူတွေနဲ့ ဝေးဝေးခွာပါ။

(အွန်လိုင်းကနေ ဂီတဖျော်ဖြေပွဲနဲ့ အားကစားပွဲတွေကို ကြည့်ရှုတာမျိုးလည်း လုပ်ဆောင်ပါ။)

## ရထားနဲ့ ဘတ်စကားတွေ စီးတဲ့အခါ

✧ တတ်နိုင်သမျှ တခြားသူနဲ့ စကားမပြောပါနဲ့။

✧ လူကြပ်ချိန်မှာ မစီးပါနဲ့။

新型コロナウイルス感染下における
外国にルーツがある人々への支援活動応援助成
三菱財団 × 中央共同募金会

原稿作成・翻訳：NPO法人 多言語センターFACIL
https://tcc117.jp/facil/
FACIL

# ထမင်းစားချိန်မှာ

✧ အိမ်ကို ပါဆယ်သယ်တာ၊ အိမ်ကို မှာစားတာ (ထမင်း/ဟင်း တွေကို အိမ်ကိုလာပို့ခိုင်းတယ်) ကို လုပ်ဆောင်ပါ။

✧ တစ်ယောက်ချင်း သီးခြားပန်းကန်ကို သုံးပါ။

✧ တခြားသူနဲ့ မျက်နှာချင်းမဆိုင်ဘဲ ဘေးချင်းယှဉ် ထိုင်ပါ။

✧ တတ်နိုင်သမျှ တခြားသူနဲ့ စကားမပြောပါနဲ့။

✧ ခွက်တစ်ခွက်တည်းကို အားလုံးအတူ မသုံးပါနဲ့။

# အလုပ်

✧ အလုပ်ကိုမသွားဘဲ အိမ်ကနေ တယ်လီဖုန်းနဲ့ ဆက်သွယ်ပြီး အလုပ်လုပ်တဲ့ နည်းကို သုံးပါ။ ကုမ္ပဏီ ရုံး/ အလုပ်ခွင်မှာ ရှိနေမယ့် လူအရေအတွက်ကို လျှော့ချပါ။

✧ အလုပ်သွား၊ အလုပ်ပြန်တဲ့ အချိန်ကို ပြောင်းပါ။

✧ အလုပ်မှာ တခြားသူတွေနဲ့ ခပ်ခွာခွာနေပါ။

✧ အစည်းအဝေးကို အွန်လိုင်းနည်းနဲ့ ကျင်းပပါ။

✧ လူတွေနဲ့ တွေ့ပြီး အစည်းအဝေးလုပ်ချိန်မှာ ပါးစပ်နဲ့ နှာခေါင်းစည်း တပ်ပါ။ လေအဝင်အထွက် ရှိအောင် လုပ်ပါ။

新型コロナウイルス感染下における
外国にルーツがある人々への支援活動応援助成
三菱財団 × 中央共同募金会

原稿作成・翻訳：NPO 法人 多言語センターFACIL
https://tcc117.jp/facil/
FACIL

# မှီငြမ်း/ကိုးကား

"စားဝတ်နေရေး ပုံစံသစ် အသွင်အပြင်" လက်တွေ့အသုံးချပုံ နမူနာ (လူမှုဖူလုံရေး၊ ကျန်းမာရေးနှင့် အလုပ်သမားရေးရာ ဝန်ကြီးဌာန၊ ဂျပန်ဘာသာ)

https://www.mhlw.go.jp/content/10900000/000641743.pdf

"စားဝတ်နေရေး ပုံစံသစ် လုပ်ဆောင်နည်း" (တရားရေး ဝန်ကြီးဌာန၊ လွယ်ကူသော ဂျပန်ဘာသာ)

http://www.moj.go.jp/content/001319945.pdf

「イラスト AC」より「ぷらお」さん

https://bit.ly/33tvjdt

新型コロナウイルス感染下における
外国にルーツがある人々への支援活動応援助成
三菱財団 × 中央共同募金会

原稿作成・翻訳：NPO 法人 多言語センターFACIL
https://tcc117.jp/facil/
FACIL